
# ဘုတလင်ဖြစ်စဉ်အပါအဝင် စစ်ကောင်စီကျူးလွန်ခဲ့သော အစုအပြုံလိုက်သတ်ဖြတ်မှုများ

## (၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ အထိ)

အာဏာသိမ်းမှုအလွန် သုံးနှစ်ကျော်အတွင်း အရပ်သားများအပေါ်ကျူးလွန်သည့် (လူ ၁၀ ဦးနှင့်အထက်) အစုအပြုံလိုက်သတ်ဖြတ်ခြင်း **၆၅ ခုထက်မနည်း**ရှိခဲ့ကာ အရပ်သား **၁,၃၀၇ ဦးထက်မနည်း** သေဆုံးခဲ့ရသည်။ ၎င်းတို့အနက် **၉၂ ရာခိုင်နှုန်း** (ဖြစ်စဉ် ၆၀ ခုအတွင်း အရပ်သား ၁,၂၁၀ ဦးထက်မနည်း သတ်ဖြတ်ခံခဲ့ရခြင်း)ကို စစ်ကောင်စီတပ်များနှင့် ပျူစောထီးအပါအဝင် စစ်ကောင်စီသစ္စာခံတပ်များက ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ **၅၂ ရာခိုင်နှုန်း**သည် စစ်ကိုင်းတိုင်းအတွင်းမှဖြစ်သည်။ ဘုတလင်ကဲ့သို့သော ရက်စက်ကြမ်းကြုတ်သည့် အစုအပြုံလိုက် သတ်ဖြတ်မှုပေါင်း **၂၃ ခုထက်မနည်း**ကို စစ်ကောင်စီတပ်က ကျူးလွန်ထားပြီး ထိုဖြစ်စဉ်များအတွင်း အရပ်သား **၄၃၈ ဦးထက်မနည်း** သေဆုံးခဲ့သည်။ စစ်ကောင်စီတပ်မဟုတ်သော အခြားလက်နက်ကိုင်များက ကျူးလွန်သည့် အစုအပြုံလိုက်သတ်ဖြတ်မှု **ငါးခုထက်မနည်း**ရှိခဲ့ကာ ယင်းဖြစ်စဉ်များတွင် အရပ်သား **၉၇ ဦးထက်မနည်း** သေဆုံးခဲ့သည်။




### သနန်ရွာဖြစ်စဉ်

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် တမူးမြို့နယ် သနန်ရွာမှ ဒေသခံ ၃၇ ဦးကို ကူကီးလက်နက်ကိုင်တပ်များက ဖမ်းဆီးသတ်ဖြတ်ခဲ့။ နိုင်ငံအနှံ့တွင် စစ်ကောင်စီတပ်မဟုတ်သော လက်နက်ကိုင်တပ်များက ကျူးလွန်ခဲ့သည့် အစုအပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ် ငါးခုထက်မနည်း ရှိခဲ့ပြီး အရပ်သား ၉၇ ဦးထက်မနည်း သေဆုံးခဲ့။

### ဘုတလင်ဖြစ်စဉ်

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၂ မှ ၁၇ ရက်အတွင်း စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ်၌ စစ်ကြောင်းထိုးနေသည့် စစ်ကောင်စီ တပ်မ ၃၃ လက်အောက်ခံ တပ်ဖွဲ့များက စိုင်ပြင်လေး၊ စီပါ၊ တက်လှိုင်း၊ ကျွဲသေချောင်း၊ အိုင်ပေါင်းချောင်နှင့် ဆယ်ဝ ကျေးရွာများသို့ ဝင်ရောက်မီးရှို့ခဲ့ပြီး အရပ်သား ၂၀ ဦးထက်မနည်းကိုလည်း သတ်ဖြတ်ခဲ့။ အဆိုပါ ၂၀ ဦးအနက် စီပါကျေးရွာမှ အရပ်သားခြောက်ဦး၏ ရုပ်အလောင်းများကို ကိုယ်လက်အင်္ဂါများ ပြတ်တောက်နေသည့် အနေအထားဖြင့် ဒေသခံများက ပြန်လည်တွေ့ရှိခဲ့။ ထိုကဲ့သို့ပုံစံမျိုးဖြင့် စစ်ကြောင်းထိုးစဉ် စစ်ကောင်စီတပ်များ ကျူးလွန်ခဲ့သည့် အစုအပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ် နိုင်ငံအနှံ့တွင် ၂၃ ခုထက်မနည်း ရှိခဲ့ပြီး အရပ်သား ၄၃၈ ဦးထက်မနည်း သေဆုံးခဲ့။

### ပဇီကြီးဖြစ်စဉ်

၂၀၂၃ ခုနှစ် ဧပြီ ၁၁ ရက်တွင် ကန့်ဘလူမြို့နယ် ပဇီကြီးကျေးရွာ၌ စစ်ကောင်စီတပ်၏ လေကြောင်း တိုက်ခိုက်မှုကြောင့် အမျိုးသား ၁၀၈ ဦး၊ အမျိုးသမီး ၂၄ ဦးနှင့် ကလေး ၃၈ ဦး၊ စုစုပေါင်း အရပ်သား ၁၇၀ ဦး သေဆုံးခဲ့။ နိုင်ငံအနှံ့တွင် စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်မှုများကြောင့် အစုအပြုံလိုက် သေဆုံးခဲ့ရသည့် ဖြစ်စဉ်ပေါင်း ၂၂ ခုထက်မနည်းရှိခဲ့ပြီး အရပ်သား ၅၄၇ ဦးထက်မနည်း သေဆုံးခဲ့။

### ဆုံရွာဖြစ်စဉ်

၂၀၂၄ ခုနှစ် မေ ၉ ရက်တွင် မြင်းခြံမြို့နယ် ဆုံရွာအတွင်း စစ်ကောင်စီတပ်နှင့် ဒေသခံ တော်လှန်ရေးတပ်ဖွဲ့များ အကြား တိုက်ပွဲဖြစ်ပွားနေစဉ် ကျေးရွာအတွင်းလက်နက်ကြီးကျည် ကျရောက်မှုကြောင့်အရပ်သား ၃၂ ဦး သေဆုံးခဲ့။ နိုင်ငံအနှံ့တွင် လက်နက်ကြီးကျည် ကျရောက်မှုကြောင့် အစုအပြုံလိုက် သေဆုံးခဲ့ရသည့် ဖြစ်စဉ်ပေါင်း ခုနစ်ခုထက်မနည်းရှိခဲ့ပြီး အရပ်သား ၉၉ ဦးထက်မနည်း သေဆုံးခဲ့။

### မိုဆိုရွာဖြစ်စဉ်

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် ဖရူဆိုမြို့နယ် မိုဆိုရွာသို့ စစ်ဘေးရှောင်လာသည့် အရပ်သား ၄၄ ဦးကို စစ်ကောင်စီတပ်က တစုတည်းသတ်ဖြတ်ခဲ့ပြီး ရုပ်အလောင်းများကို မီးရှို့ခဲ့။ သေဆုံးသူများထဲတွင် Save The Children ဝန်ထမ်းနှစ်ဦးလည်းပါဝင်ခဲ့။ နိုင်ငံအနှံ့တွင် စစ်ကောင်စီစစ်ကြောင်းထိုးစဉ် မီးရှို့သတ်ဖြတ်ခံခဲ့ရသည့် ဖြစ်စဉ်ပေါင်း ရှစ်ခုထက်မနည်း ရှိခဲ့ပြီး အရပ်သား ၁၂၆ ဦးထက်မနည်း သေဆုံးခဲ့။

**သတ်ဖြတ်ခံရသူ အရေအတွက်**

- (အနီရောင်စက်ဝိုင်း) ၁၀ ဦးမှ ၂၀ ဦးအကြား
- (အစိမ်းရောင်စက်ဝိုင်း) ၂၀ မှ ၃၇ ဦးအကြား
- (အပြာရောင်စက်ဝိုင်း) ၃၇ ဦးမှ ၁၇၀ ဦးအကြား

**အစုအပြုံလိုက် သေဆုံးခဲ့မှု အမျိုးအစားများ**

- (စက်ဝိုင်း) စစ်ကောင်စီတပ်၏ လေကြောင်းတိုက်ခိုက်ခြင်း
- (စတုရန်း) စစ်ကောင်စီတပ် စစ်ကြောင်းဝင်ချိန် မီးရှို့သတ်ဖြတ်ခြင်း
- (တြိဂံ) စစ်ကောင်စီတပ်၏ လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်ခြင်း
- (စိန်ပုံ) စစ်ကောင်စီတပ် စစ်ကြောင်းဝင်ချိန် သတ်ဖြတ်ခြင်း
- (ဆဋ္ဌဂံ) အခြားလက်နက်ကိုင်တပ်ဖွဲ့များ၏ သတ်ဖြတ်ခြင်း

မှတ်ချက်

အစုအပြုံလိုက်သတ်ဖြတ်ခံရသော ဖြစ်စဉ်များကို ဖော်ပြရာတွင် အရပ်သား ၁၀ ဦးနှင့်အထက် သေဆုံးခဲ့ရသည့် ဖြစ်ရပ်များကိုသာ ကောက်နုတ်ဖော်ပြထားခြင်းဖြစ်သည်။ စစ်ကောင်စီတပ်မဟုတ်သော အခြားလက်နက်ကိုင်တပ်ဖွဲ့များ၏ ကျူးလွန်မှုဟုဆိုရာတွင် ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (KNDO)၊ ပအိုဝ်းအမျိုးသားတပ်မတော် (PNA/PNO)၊ ကူကီးအမျိုးသားများတပ်မတော် (KNA/KNO) နှင့် အဖွဲ့အစည်း အတိအကျမသိရသော ဒေသကာကွယ်ရေးတပ်ဖွဲ့နှစ်ဖွဲ့ကို ဆိုလိုပါသည်။ ယခုဖော်ပြထားသော ဒေတာအချက်အလက်များသည် ISP-Myanmar ၏ လက်နက်ကိုင်ပဋိပက္ခများဆိုင်ရာ အချက်အလက်စုဆောင်းမှု စနစ်နှင့်အညီ စုဆောင်းထားသော အချက်အလက်များဖြစ်ပါသည်။ အခြားလွတ်လပ်သော အဖွဲ့အစည်းများ၏ ထုတ်ပြန်ချက်များနှင့် တိုက်ဆိုင်စစ်ဆေးထားပါသည်။ မြေပြင်အခြေအနေများနှင့် ဒေတာရရှိမှုအကန့်အသတ်များကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။